ကမ္ဘာတစ်ဝှမ်း ကျန်းမာရေးကဏ္ဍပြုပြင်ပြောင်းလဲမှုအတွက် ကျန်းမာရေးဆိုင်ရာ အကြီးအကဲများညီလာခံသို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးတက်ရောက်

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ကာတာနိုင်ငံ၊ ဒိုဟာမြို့တွင် (၂၉-၁၁-၂၀၁၆) ရက်မှ (၃၀-၁၁-၂၀၁၆)ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် ကမ္ဘာတစ်ဝှမ်း ကျန်းမာရေးကဏ္ဍပြုပြင်ပြောင်းလဲမှု အတွက် ကျန်းမာရေးဆိုင်ရာ အကြီးအကဲများညီလာခံသို့ တက်ရောက်ခဲ့ပြီး (၁-၁၂-၂၀၁၆)ရက်နေ့တွင် ပြန်လည်ရောက်ရှိခဲ့ပါသည်။

အဆိုပါညီလာခံဖွင့်ပွဲအခမ်းအနားအား ကာတာနိုင်ငံ၊ ဒိုဟာမြို့ ကွန်ဗင်းရှင်းစင်တာတွင် ကျင်းပပြုလုပ်ခဲ့ရာ ကမ္ဘာ့နိုင်ငံအသီးသီးမှ ဖိတ်ကြားထားသည့် ကျန်းမာရေးဝန်ကြီးများ၊ သံအမတ်ကြီးများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များ၊ အပြည်ပြည်ဆိုင်ရာလူမှုရေးအဖွဲ့အစည်း အသီးသီးမှ တာဝန်ရှိသူများ၊ ကမ္ဘာ့ဘဏ်မှ တာဝန်ရှိသူများ၊ ကာတာနိုင်ငံ ဘုရင့်မိသားစုနှင့် ကျန်းမာရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ စုစုပေါင်း (၆၀၀) ကျော် တက်ရောက်ခဲ့ကြပါသည်။ ဖွင့်ပွဲအခမ်းအနားတွင် ညီလာခံကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ ကာတာဖောင်ဒေးရှင်းဥက္ကဋ္ဌဖြစ်သူ မင်းသမီး Her Highness Sheikha Moza Bint Nassar နှင့် ညီလာခံကျင်းပရေး Executive Chair ဖြစ်သူ Professor The Lord Darzi of Denham တို့မှ အဖွင့်အမှာစကားများ ပြောကြားခဲ့ပါသည်။

အခမ်းအနားအစီအစဉ်များကို ဆက်လက်ကျင်းပရာ အဏုဇီဝရောဂါပိုး ဆေးယဉ်ပါးမှု ပြဿနာ ဝိုင်းဝန်းပူးပေါင်းကာကွယ်တားဆီးနိုင်ရေးအတွက် တာဝန်ရှိသူအသီးသီးပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို တင်ပြဆွေးနွေးပါသည်။ ဆက်လက်၍ Panel Discussion များအဖြစ် Autism ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Health Professional Education ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Precision Medicine ခေါင်းစဉ်ဖြင့်လည်းကောင်း တင်ပြဆွေးနွေးကြပါသည်။ Autism ရောဂါဖြစ်ပွားမှု ပိုမိုများပြားလာနေခြင်း၊ ထိရောက်စွာတာဝန်ယူဆောင်ရွက်မှု အားနည်းနေခြင်းနှင့် နောက်ဆက်တွဲ စီးပွားရေးရာ ဝန်ထုပ်ဝန်ပိုးဖြစ်နေမှုများအား တင်ပြဆွေးနွေးကြပြီး အဆိုပါရောဂါပြုစုကုသရေးလုပ်ငန်း ပိုမိုတိုးတက်ကောင်းမွန်မှုရှိအောင် ဝိုင်းဝန်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးကြပါသည်။

Health Professional Education သည် အရေးကြီးသောကိစ္စရပ်တစ်ခုဖြစ်ပြီး၊ ကမ္ဘာ့နိုင်ငံ အသီးသီးတွင် အရည်အချင်းပြည့်ဝသည့် ကျန်းမာရေးဆိုင်ရာ လူစွမ်းအားအရင်းအမြစ် ပြည့်စုံစွာရရှိရေး နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသော်လည်း တိုးတက်မှုအနည်းငယ်မျှသာရရှိပြီး၊ ၎င်းပြဿနာသည် Universal Health Coverage ရည်မှန်းချက်ရရှိရေးလုပ်ငန်းစဉ်တွင် အဓိကအတားအဆီးဖြစ်လာမည်ဖြစ်ကြောင်း၊ နောင်(၁၅)နှစ်တွင် ကမ္ဘာ့နိုင်ငံအသီးသီး၌ ကျန်းမာရေးဆိုင်ရာ လူစွမ်းအား အရင်းအမြစ် လိုအပ်ချက်သည် ယခုအခြေအနေထက် (၂)ဆဖြစ်လာမည်ဖြစ်ကြောင်း၊ အထူးသဖြင့်အရှေ့အာရှ၊ တောင်အာရှနှင့် ပစိဖိတ်ဒေသနိုင်ငံများတွင် လိုအပ်ချက်ပြဿနာ ပိုမိုများပြားလာမည်ဖြစ်ကြောင်း၊ အထူးသဖြင့်ဖွံ့ဖြိုးတိုးတက်ဆဲနိုင်ငံများတွင် ပြဿနာပိုမိုရင်ဆိုင်ရမည်ဖြစ်ပြီး၊ ယခုကတည်းက ကမ္ဘာ့နိုင်ငံအသီးသီးပူးပေါင်းဆောင်ရွက်နိုင်မည့်နည်းလမ်းများ တင်ပြဆွေးနွေးခဲ့ကြပါသည်။

Precision Medicine ခေါင်းစဉ်နှင့်ပတ်သက်၍ ဆွေးနွေးကြရာတွင် သိပ္ပံနည်းကျ သုတေသန လုပ်ငန်းများ၏အောင်မြင်မှုများကြောင့် ဆေးသစ်များ၊ ကုသရေး နည်းလမ်းသစ်များ၊ ရောဂါကာကွယ်နိုမ် နင်းရေးနည်းလမ်းသစ်များ ရှာဖွေဖော်ထုတ်နိုင်ခဲ့သည့်အတွက် ဆေးဝါးကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်ဖွံ့ဖြိုးတိုးတက်လာပြီး၊ လူသားများ၏မျိုးရိုးဗီဇနှင့် စရိုက်လက္ခဏာများကိုပါ ပြုပြင်ပြောင်းလဲလာနိုင် သည်အထိ အောင်မြင်မှုများရရှိခဲ့ကြောင်း၊ တစ်ချိန်တည်းမှာပင် မလိုအပ်သည့် ရောဂါရှာဖွေစစ်ဆေးခြင်းများနှင့် မှားယွင်းသောကုသမှုများ လျော့နည်းကျဆင်းလာစေရန်၊ Precision Medicine ၏ အခန်းကဏ္ဍကို ပိုမိုမြှင့်တင်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တွေ့ကြုံရမည့် အခက်အခဲများ၊ စိန်ခေါ်မှုများ လျော့နည်းပပျောက်လာစေရန် ဝိုင်းဝန်းကြိုးစား ဆောင်ရွက်ရမည်ဖြစ်ကြောင်း တင်ပြဆွေးနွေးကြပါသည်။

နေ့လည်ပိုင်းတွင် Accountable Care၊ Behavioral Insights၊ Genomics In The Gulf Region And Islamic Ethics ခေါင်းစဉ်များဖြင့် Panel Discussion အား ဆက်လက်ကျင်းပရာ Accountable Care ခေါင်းစဉ်ဖြင့် ဆွေးနွေးရာတွင် ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ကျန်းမာရေးဆိုင်ရာလူစွမ်းအားအရင်းအမြစ် လုံလောက်မှုမရှိသည့်တိုင်းပြည်များတွင် အဖိုးနည်းဝန်ပါ ကျန်းမာရေးစောင့်ရှောက်မှုရရှိစေရေးအတွက် Accountable Care သည် အရေးကြီးကြောင်း၊ တိုင်းပြည်တိုင်း၌ ကျန်းမာရေးစောင့်ရှောက်မှုအတွက် အကုန်ကျခံမည့် နည်းလမ်းများ ရှာဖွေဖော်ထုတ်ထားသော်လည်း ပြောင်းလဲတိုးတက်နေသည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကြောင့် မည်သည့်အခါမျှ လုံလောက်မှုရှိသည့်စနစ်ကို မတွေ့ရှိရသေးကြောင်း၊ ဤကဲ့သို့သော အခြေအနေတွင် အဖိုးနည်းဝန်ပါ ကျန်းမာရေးစောင့်ရှောက်မှု စနစ်ရရှိစေရေးအတွက် Accountable Care ကို အလေးထားဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ အဆိုပါစနစ်သည် လူနာဗဟိုပြု ကုသသည့်စနစ်အဖြစ်သို့ ပြောင်းလဲထားပြီး၊ ပြောင်းလဲလျက်ရှိသည့် ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များနှင့် ဆောင်ရွက်ပေးနိုင်မည့် အခွင့်အရေးနည်းလမ်းများအပေါ် အဓိကဦးတည်ဆောင်ရွက်လျက်ရှိသည့် စနစ်ဖြစ်သည့်အတွက် အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အဖွဲ့အစည်းအတွင်း လိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ထားရှိရန် လိုအပ်ကြောင်းဆွေးနွေးကြပါသည်။

Behavioral Insights ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲတွင်လည်း ရောဂါအများစုသည် ကျန်းမာရေးနှင့် ညီညွတ်မှုမရှိသည့် နေထိုင်စားသောက်ပြုမူများနှင့် အဓိကဆက်နွယ်လျက်ရှိသဖြင့် အဆိုပါပြုမူ ဆောင်ရွက်မှု များအား ကြိုတင်သိရှိပြုပြင်နေထိုင်မည်ဆိုပါက ရောဂါဖြစ်ပွားမှုများအား ကြိုတင်ကာကွယ် နိုင်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ကျန်းမာရေးနှင့် ညီညွတ်သည့် ပြုမူလုပ်ရှားစားသောက်မှုပုံစံများ သိရှိနားလည်သဘော ပေါက်အောင် အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်လိုအပ်ကြောင်း ဆွေးနွေးကြပါသည်။

ထို့နောက် ညနေပိုင်းတွင် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များအတွက် Using Evidence Base Policy Solutions to Address Health Challenges ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Learning from International Collaboration – Lessons from Leading Health Systems Network ခေါင်းစဉ်ဖြင့် မူဝါဒရေးရာကိစ္စရပ်များ ဆွေးနွေးကြပါသည်။

ညီလာခံဒုတိယနေ့ နံနက်ပိုင်းအစီအစဉ်များအားဆက်လက်ကျင်းပရာ Delivering Affordable Cancer Care ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Dementia – A Growing Public Health Concern ခေါင်းစဉ်ဖြင့်လည်းကောင်း မူဝါဒရေးရာကိစ္စရပ်များ ဆွေးနွေးကြပါသည်။

ထို့နောက် Panel Discussions အဖြစ် Cardiovascular Disease၊ Healthy Populations နှင့် Investing in Health ခေါင်းစဉ်များဖြင့် ဆက်လက်ဆွေးနွေးကြရာ Cardiovascular Disease (CVD) သည် ယခုအခါ နိုင်ငံတိုင်း၌ အဖြစ်အများဆုံးနှင့် သေဆုံးရခြင်းအဓိကရောဂါတစ်ခုဖြစ်ကြောင်း၊ အများစုသည် နှလုံးသွေးကြောပိတ်ခြင်းကြောင့်ဖြစ်ကြောင်း၊ CVD ရောဂါလက္ခဏာများပိုမိုသိရှိနားလည်လာခြင်း၊ ရောဂါကြိုတင်ကာကွယ်ရေးနှင့်ကုသရေးလုပ်ငန်းများ ပိုမိုခေတ်မီတိုးတက်လာသော်လည်း သေဆုံးမှုအားလုံး၏ (၃၀) ရာခိုင်နှုန်းသည် CVD ကြောင့်ပင်ဖြစ်နေသေးကြောင်း၊ ထို့ကြောင့် CVD ဖြစ်စေနိုင်သည့် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းများသုံးစွဲမှုလျှော့ချရေး၊ သွေးတိုးရောဂါ ကာကွယ်ကုသရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် ညွှန်ကြားဆွေးနွေးကြပါသည်။

Healthy Population ခေါင်းစဉ်ဖြင့်ဆွေးနွေးကြရာတွင် ကျန်းမာသော လူ့အသိုင်းအဝိုင်းတစ်ခု ဖြစ်စေရန် ကျန်းမာရေးနှင့်ညီညွတ်စွာနေထိုင်ပြုမူဆောင်ရွက်တတ်စေရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု ပြည့်စုံကောင်းမွန်မှုရှိရန် သာမက စီးပွားရေး၊ လူမှုရေးနှင့်ပတ်ဝန်းကျင်နှီးနွယ်မှုဆိုင်ရာကိစ္စရပ်များသည်လည်း လိုက်လျောညီထွေဖြစ်ရန် အရေးကြီး

ကြောင်း၊ လူ့အသိုင်းအဝိုင်းအတွင်း အဓိကကျန်းမာရေးဆိုင်ရာ စိန်ခေါ်မှုများဖြစ်သည့် နာတာရှည်ရောဂါများ မြင့်တက်လာနေမှု၊ ကျန်းမာရေးစောင့်ရှောက်မှု လက်ခံရရှိမှုညီမျှမှု မရှိခြင်းတို့ကို အဓိကဦးစားပေးဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ဖြေရှင်းနိုင်မည့်နည်းလမ်းသစ်များ ပူးပေါင်းရှာဖွေဖော်ထုတ်သွားပြီး၊ အထက်ဖော်ပြပါ အဓိကကျန်းမာရေးဆိုင်ရာ ပြဿနာများ ရင်ဆိုင်နေရသည့် နိုင်ငံများ အတွက် ပူးပေါင်းဆောင်ရွက်သွားရန်လိုအပ်ကြောင်း ဆွေးနွေးကြပါသည်။

ဆက်လက်၍ Investing in Health ခေါင်းစဉ်ဖြင့်ဆွေးနွေးကြရာတွင် ဖွံ့ဖြိုးဆဲနိုင်ငံအစိုးရများ၊ နိုင်ငံတကာ အကူအညီပေးရေးအဖွဲ့များ အဓိကရင်ဆိုင်နေရသည့်အခက်အခဲမှာ ကျန်းမာရေးဆိုင်ရာအရင်း အမြစ်များအား မည်သို့မည်ပုံ ခွဲဝေသုံးစွဲရမည်ကို ဆုံးဖြတ်ချက်ချရမည့်ကိစ္စဖြစ်ကြောင်း၊ ပညာရေး၊ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး၊သယံဇာတပို့ဆောင်ရေးနှင့်ကျန်းမာရေးတို့တွင်ရင်းနှီးမြှုပ်နှံခြင်းသည် လူမှုရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများအတွက် လွန်စွာမှအထောက်အကူဖြစ်ကြောင်းကို မည်သူမျှ ငြင်းဆန်၍ ရနိုင်မည်မဟုတ်ကြောင်း၊ သို့ဖြစ်ပါ၍ ယခုအခါ အဖြစ်များလျက်ရှိသည့် ကူးစက်တတ်ခြင်းမရှိသော နာတာရှည်ရောဂါများ ကာကွယ်ကုသရေးလုပ်ငန်းများနှင့် လူတိုင်းလက်လှမ်းမီသော ကျန်းမာရေးစောင့်ရှောက်မှုစနစ် အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးတို့အတွက် ကျန်းမာရေးကဏ္ဍများတွင် ပိုမိုရင်းနှီးမြှုပ်နှံရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးကြပါသည်။ အဆိုပါ Investing in Health, Panel Discussions တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် Panel Member အဖြစ် ဝင်ရောက်ဆွေးနွေးခဲ့ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ညီလာခံကျင်းပနေစဉ်အတွင်းဒိုဟာကွန်ဗင်းရှင်းစင်တာတွင် GAVIအဖွဲ့မှတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ တိုးချဲ့ကာကွယ်ဆေးထိုး လုပ်ငန်းများ အရှိန်အဟုန်မပျက်ဆောင်ရွက်နိုင်ရေး၊ ဆက်လက်ပူးပေါင်းဆောင်ရွက်ရေး၊ GAVI အဖွဲ့၏ စီမံခန့်ခွဲမှုဆိုင်ရာ Board အဖွဲ့တွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးမှ Board Member အဖြစ်ဆောင်ရွက်ပေးနိုင်ရေးကိစ္စရပ်များညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် Institute of Global Health Innovation at Imperial College Londonအဖွဲ့မှတာဝန်ရှိသူများနှင့်တွေ့ဆုံ၍မြန်မာနိုင်ငံ၏ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နည်းပညာရပ်ဆိုင်ရာ အကူအညီပေးရေး ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။